# ဖြိုးသစ္စာ

# လာခြင်းမကောင်းသော လူ



((((((လူလေးမျိုး)))))

(၁) အလင်းထဲမှ လာပြီး အလင်းထဲသို့ ပြန်သွားသောလူ

(၂) အမှောင်ထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသောလူ

(၃) အလင်းထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသောလူ

(၄)အမှောင်ထဲမှ လာပြီး အလင်းထဲသို့ ပြန်သွားသောလူ ဆိုသည့် လူလေးမျိုးရှိလေသည် ။ ထိုလူလေးမျိုး၏ အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် အနည်းငယ် ရှင်းပြလိုပါသည် ။

နံပါတ်(၁) အလင်းထဲမှ လာပြီး အလင်းထဲသို့ ပြန်သွားသောလူ ဆိုသည် မှာ ၊ နတ်ပြည်၊ ဗြဟ္မာပြည့်တို့ မှ ဆင်းသက်၍ အတိတ်က ပြုခဲ့ဖူးသည့် ဒါနကောင်းမှု၊ သီလကောင်းမှုတွေဖြင့်၊ ကောင်းမှုတွေ၏ အရှိန်အဝါ အထောက်အပံ့ကြောင့် လူ့လောကသို့ ရောက်ရှိ လာပြီး၊ တစ်ဖန်ပြန်၍ လည်း ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားမှုများကြောင့် ၊ ဓမ္မဓိဋ္ဌာန်ကျကျ နည်းကောင်းလမ်းမှန်တို့ ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်မှုဖြင့်၊ အလင်းတန်းနှင့် တူသော တိဟိတ်ဥက္ကဋ္ဌ လူသား အဖြစ်မှ သည် ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဖြစ်သို့ ရောက်ရှိ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဝင်ဆံသွားသည့် ပုဂ္ဂိုလ်များ တို့ မှာ အလင်းထဲမှ လာ၍ အလင်းထဲသို့ ပြန်သွားသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည် ။

နံပါတ်(၂) အမှောင်ထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသောလူ ဆိုသည် မှာ ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟု ဆိုအပ်သော အပါယ်

လေးဘုံတို့ ၌ ကျင်လည် ကျက်စားခဲ့ရပြီး၊ လူ့လောကကသို့ ပြန်လည် ရောက်ရှိ စေနိုင်သော ကမ္မသတ္တိ၏ အစွမ်းကြောင့် ၊ အပါယ်လေးဘုံ ဆိုသည့် အမှောင်ထဲမှ လွတ်မြောက်လာကာ လူ့လောက လူဘုံဌာနသို့ ရောက်ရှိလာခိုက်၊ ကုသိုလ်၊ အကုသိုလ်မသိ၊ အကြောင်းရယ်၊ အကျိုးရယ်မသိ၊ သစ္စာတရားလေးပါး လုံးကို မသိမှုတို့ ကြောင့် မောဟအမှောင် ဖုံးလွှမ်းကာ၊ အကုသိုလ် ဒုစရိုက်တွေနဲ့ သာ အချိန်ကုန်လွန်စေပြီး သေသည် ၏ နောက်၌ ၊ အပါယ်လေးဘုံ ဆိုသော အမှောင်ထဲသို့သာ ပြန်သွားသော လူကို အမှောင်ထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည် ။

နံပါတ်(၃) အလင်းထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသောလူ ဆိုသည် မှာ ၊ ဋီကာဆရာများ ၏ ဖွင့်ဆိုချက်အရ "ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်သကျင်းမှာ တရှုပ်ရှုပ်" ဆိုသည့် အတိုင်း အလင်းနှင့် တူသော မြင့်မြတ်သည့် ဘုံအဆင့်ဆင့်မှ သည် ကုသိုလ်ကောင်းမှု၏ အရှိန်အဝါတို့ ကြောင့် လူ့ဘုံ လူ့လောကသို့ ရောက်ရှိ လာပြီး၊ ချမ်းသာ ကြွယ်ဝသော သူဌေးသူကြွယ် မျိုးရိုးတို့ မှာ ပင် ဖြစ်လင့်ကစား၊ ဒါနပြုဖို့ မေ့လျော့၊ သီလဆောက်တည်ဖို့ မေ့လျော့၊ ဘာဝနာပွားများ ဖို့ မေ့လျော့မှုတို့ ကြောင့် အတိတ်ကံနဲ့ သာလျှင် လူ့လောကလူ ဖြစ်သည့် အခိုက်ကောင်းစားသွားခဲ့ပြီး၊ လောဘ၊ ဒေါသ၊ မောဟ၊ ဆိုသည့် အကုသိုလ် ဒုစရိုက်တို့ ၏ အားကြီးမှုကြောင့် သေလွန်သည့် နောက်ကာလ၌ အမှောင်နှင့် တူသော အပါယ်လေးဘုံသို့ သွားရောက်သည့် လူကို အလင်းထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည် ။

နံပါတ်(၄) အမှောင်ထဲမှ လာပြီး အလင်းထဲသို့ ပြန်သွားသောလူ ဆိုသည် မှာ ၊ ငရဲ၊ တိရိစ္ဆာန်၊ပြိတ္တာ၊ အသုရကယ်ဟု ဆိုအပ်သော အပါယ်လေးဘုံတို့ မှ လွတ်မြောက် လာပြီး၊ လူ့လောက၊ လူ့ဘုံဌာနသို့ ကံကပေး

သည့် အစွမ်းသတ္တိတို့ ဖြင့်ရောက်ရှိလာကာ၊ ကာမသသ၀၊ ဘ၀ါသ၀၊ ဒိဋ္ဌာသ၀၊ အဝိဇ္ဇာသ၀၊ ဆိုသည့် ဩဃလေးဖြာ သံသရာထဲ၌ ကျင်လည်ပင် ကျင်လာရနေရငြားသော်လည်း ၊ လူ့ဘုံ လူ့လောကသို့ ရောက်ရှိခိုက် ၊ သူတော်ကောင်း များကို မှီဝဲ ဆည်းကပ်လို့ ၊ "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျှောစွာအကျင့်၊ မဂ်ဖို့ ခွင့်ရလင့်ဧကန်သာ" ဆိုသည့် ဆောင်ပုဒ် အလင်္ကာလေးအတိုင်း၊ သူတော်ကောင်းကို ဆည်းကပ်ပြီး၊ မြင့်မြတ်သော တရားများကိုနား ကြားကာ၊ လျှောကန် သင့်မြတ်သော ပဋိပတ်၊ ပဋိယတ် အကျင့်တရားတို့ ဖြင့်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဟူသော မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သည့် အလင်းတန်းနှင့် တူသော အကျင့်မြတ်တို့ ဖြင့် စံမြန်းသွားသော လူကို အမှောင်ထဲမှ လာပြီး အလင်းထဲသို့ ပြန်သွားသော ပုဂ္ဂိုလ် ဟု ဆိုလိုပါသည် ။

ထိုသို့သော် ပုဂ္ဂိုလ်လေးမျိုးရှိသည့် အထဲတွင် ယခု ကျွန်တော် တင်ဆက်ပြရမည့် ပုဂ္ဂိုလ်သည် မှာ ကား အမှောင်ထဲမှ လာပြီး အမှောင်ထဲသို့ ပြန်သွားသော လူဟု ဆိုလို့ ရနိုင်သည့် လူသားတစ်ယောက်၏ အကြောင်းကို ရေးဖွဲ့ကာ တင်ဆက်လိုခြင်း ဖြစ်ပါလေတော့သည် ။

***

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည့် ပစ္စည်းလေးပါး ဒကာခံကာ၊ ဘုန်းကြီးကျောင်းသို့ အမြဲသွားလာနေသော အဘ ဦးထွန်းကြိုင်သည် ၊ ရွာမှာ ဆို ရွာ့မိရွာဖ ဆိုလျှင်လည်း မမှားပေ၊ သာရေး ဘာသာရေး လူမှုရေးကိစ္စ မှန်သမျှ အားလုံးတို့ တွင် ၊ သူကပင် ရှေ့ဆောင်လမ်းပြ ဦးစီးဦးဆောင် ညွှန်းကြား လုပ်ကိုင် တတ်သဖြင့်၊ လူတိုင်းက သူ့ဆိုလျှင် ရိုသေ

လေစား ကြပေတော့သည် ။

အဘ ဦးထွန်းကြိုင်တွင် သားသမီး ကိုးယောက် ထွန်းကားခဲ့သည် ။ ထိုသားသမီး ကိုးယောက်ထဲတွင် ယောကျ်ားလေး ခြောက်ယောက်၊ မိန်းကလေး သုံးယောက်ဖြစ်ကာ၊ အိမ်ကြီး အိမ်ကောင်းနှင့် လယ်ယာမြေကျွဲ၊ နွား စသည့် အများ အပြား ကြွယ်ဝသော သူလည်း ဖြစ်ပါလေတော့သည် ။

သားသမီးတွေ အပေါ်မှာ လည်း ဘယ်သူသာသည် နာသည် ရယ်မရှိ၊ အားလုံးကို တန်းတူညီမျှပင် ထားကာ၊ အရွယ်တွေ ရောက်လာလို့ အိမ်ထောင်တွေ ကျသွားသည့် တိုင်အောင်၊ သားသမီးတွေရဲ့ အပေါ်ဝယ် ဩဇာအာဏာ ညောင်းသလို၊ မိဘဝတ္တရားနှင့် လအညီလည်း သားသမီးများ အားလုံးကို၊ အမွေနဲ့ ပတ်သက်သမျှတို့ ကို ခွဲဝေပေးလျက် ရှိပါသည် ။

သားသမီးတွေကို သွန်သင် ဆုံးမသည့် နေရာတွင် လည်း ၊ တရားခမ္မနှင့် အညီ နေတတ်ထိုင်တတ်ဖို့ ၊ လူ့စည်း သူ့စည်းဆိုတာတွေ နားလည်ဖို့ ၊ ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲနေအောင်ထားဖို့ ၊ အမြဲတမ်းပင် သွန်းသင် ဆုံးမလျက် ရှိပါသည် ။

ထိုအထဲတွင် မိဘကျေးဇူး သိတတ်ပြီး လိမ္မာသော သားသမီးများ လည်း ရှိကြသလို၊ ဘယ်လောက်ပင် ပြောဆိုဆုံးမဆုံးမ "ခွေးမြီးကောက် ကျည်တောက်စွပ်" သကဲ့သို့ "တစ်မီးပေါက် တစ်ယောက်ထွန်း" လူးသားတစ် ယောက်ကတော့ ပါလာတတ်စမြဲပင်တည်း။

ထိုသူသည် ကား ဦးထွန်းကြိုင်၏ သားသမီး ကိုးယောက်ထဲတွင် ၊ အငယ်ဆုံးလည်း ဖြစ် အဆိုးဆုံးလည်း ဖြစ်သော၊ ညွန့်လှိုင် ဆိုသော အငယ်ဆုံးသားပင် ဖြစ်လေတော့သည် ။

ဖခင်ကြီးလုပ်သူက ဘုရားကျောင်းကန် အလှူအတန်းစသည် တို့ ကို ဝါသနာထုံသလောက်၊ သူ့မှာ တော့ ဖခင်ကြီးနှင့် အရာအားလုံးက ဆန့် ကျင်ဘက်ပင်၊ အနောက်ရိုးမ တောထဲ အမဲလိုက်မယ်၊ ဝက်ပေါ်မယ်၊ အ ရက် သောက်မယ်၊ သူများ တွေကို နိုင်ထက်စီးနင်း ပြုမယ်၊ စသည့် အ ကုသိုလ်နဲ့ ပတ်သက်တဲ့ အရာတွေကို သူကနှစ် သက်သလို ဝါသနာ လည်း အာလွန်ပါသူ ဖြစ်လေတော့သည် ။

ကုသိုလ်ရေးနဲ့ ပတ်သက်တဲ့ အလှူအတန်း လုပ်ရတော့မည့် အခါမျိုး တို့ ဆိုလျှင်၊ ဖခင်ကြီးက သူ့သားငယ်အား ကုသိုလ် အကုသိုလ် ကွဲကွဲပြားပြား သိရလေအောင် တရားနားဖို့ ၊ အလှူအတန်းတွေမှာ အင် နဲ့ အားနဲ့ ပါဝင် ဆောက်ရွတ်ဖို့ ဘယ်လောက်ပင် တိုက်တွန်းတိုက်တွန်း၊ သူကတော့ အချိန်တွေကုန်တယ်၊ အလုပ်တွေရှုပ်တယ်ဟု ဆိုကာ ရှောင် ရှောင်ထွက်သွားတတ် ပါလေတော့သည် ။

"ချီးတောထဲကလောက်၊ ချီးတောထဲမှာ "ပဲ ပျော်တယ်ဆိုသော ဥပ မာအတိုင်းပင်၊ ဖခင်ဖြစ်သူက ဘယ်လောက်ပင် အကုသိုလ်တွေနဲ့ ကင်း အောင် ကယ်တင်ကယ်တင်၊ သူ့မှာ ကတော့ အကုသိုလ် အလုပ်ဖြစ်တဲ့ ကြက်သက်၊ ငှက်သက်၊ ဝက်သက်၊ စသည့် သူတစ်ပါး အသတ်တွေကို သတ်ဖြတ်နေရမှ သာလျှင် ပျော်မွေ့နေတတ် သူပင် ဖြစ်လေတော့သည် ။

သူ၏ ဒီလို ဆိုးသွမ်းသော အခြေအနေတစ်ခုသို့ ရောက်ရှိအောင်၊ တွန်းပို့လိုက်သည့် အရာတွေထဲတွင် တစ်ခု အပါအဝင်ဖြစ်သော ဘီလူး နက္ခတ်ဝင်သွားတဲ့ ဆေးမှ င်စုတ်ထိုးသည့် အချိန်က စတယ်လို့ ပဲ ဆိုရ တော့မည် မှာ ပင် ဖြစ်ပါလေတော့သည် ။

***